# ၂၀၂၃ ခုနှစ်၊ ဇူလိုင် (၂၂)ရက်မှ (၃၁)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ




| စဥ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ကျူးလွန်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၁၈ | |
| ၂ | ကချင် | ၁ | |
| ၃ | ရန်ကုန် | ၃ | |
| ၄ | ကရင် | ၁ | |
| ၅ | တနင်္သာရီ | ၂ | |
| ၆ | မန္တလေး | ၁ | |
| ၇ | ရှမ်း | ၅ | |
| ၈ | ပဲခူး | ၆ | |
| ၉ | မွန် | ၂ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | ကယား | ၁ | |
| | စုစုပေါင်း | ၄၃ | |

ဇူလိုင်လ (၂၂)ရက်နေ့မှ (၃၁)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသ ကြီး နှင့် ရှမ်းပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ရန်ကိုင်းတိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်တွင် အမျိုးသမီး (၁)ဦး စစ်အာဏာရှင်တပ်သားများ၏ ကားဖြင့်တိုက်ဖမ်းဆီးမှုကြောင့် သေဆုံး ခဲ့ရသည်။ ပဲခူးတိုင်းဒေသကြီး ၊ ကျောက်တံခါးမြို့နယ်မှ ကျေးရွာ (၃၁)ရွာကိုလည်း လျှပ်စစ်မီးများ ဖြတ်တောက်ထားခဲ့သည်။ စစ်အာဏာရှင် တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီး တို့မှ ဒေသခံ ပြည်သူ (၁၀၀) ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီး အသုံးချခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ ဖမ်းဆီးသတ်ဖြတ်မှုကြောင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒေသခံ ပြည်သူ (၉)ဦးခန့် သေဆုံးခဲ့ရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်



Share
made with infogram

# ၂၀၂၃ ခုနှစ် ဇူလိုင် (၂၂) ရက်မှ (၃၁)ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




| စဉ် | လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၉ | |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၁၁ | |
| ၃ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၂၀ | |
| ၄ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၃ | |
| ၅ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၂ | |
| ၆ | ဖမ်းဆီးခံရခြင်း | ၆ | |
| ၇ | လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း | ၃ | |
| ၈ | ကားဖြင့် တိုက်ဖမ်းခြင်း | ၁ | |
| ၉ | ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း | ၁ | |
| ၁၀ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း | ၆ | |
| ၁၁ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း | ၂ | |
| ၁၂ | လေကြောင်းအသုံးပြုခြင်း | ၃ | |
| ၁၃ | အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း | ၃ | |
| ၁၄ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၇ | |
| ၁၅ | လျှပ်စစ်မီး ဖြတ်တောက်ခြင်း | ၁ | |
| ၁၆ | မြေမြှုပ်မိုင်း | ၁ | |
| ၁၇ | အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း | ၁ | |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်ရှိ စစ်အာဏာရှင်လက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့များက ဒေသခံ ပြည်သူများကို ပျူစောထီး သင်တန်းတတ်ရန် အာဏာပြ ခြိမ်းခြောက်လျှက်ရှိသည်။ စစ်အာဏာရှင်တပ်သားများက ဇူလိုင်လ ၂၉ ရက်နေ့တွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့ကို ပုဒ်မ (၁၄၄) ထုတ်ပြန်ခဲ့သည် စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၁၁)ဦး သေဆုံးခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည့်



Share

made with infogram